မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေမည် လာအိုနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ပြီး အစိုးရသစ်ဖွဲ့စည်းနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

(၂၄) ကြိမ်နှင့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ မြန်မာနိုင်ငံ အိမ်ရှင်အဖြစ်ကျင်းပနိုင်ရေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံ ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံ ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath Sayarath နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပိုမိုတိုးတက်

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဆွေတော်ဝန်ကြီးချုပ်နှင့် လာအိုချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာအစိုးရနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၁၂ ရက်)

လာအို-မြန်မာ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇူလိုင် ၁၁ ရက်က ရောက်ရှိပြီး ယင်းနေ့ညနေပိုင်း၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံဆွေးနွေးပွဲခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က "အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မြဲစေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ လာအိုနိုင်ငံတွင် မကြာမီက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ပြီး အစိုးရသစ်ဖွဲ့စည်းနိုင်ခဲ့ခြင်းအတွက် လာအိုအစိုးရနှင့် ပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အား လာအိုနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ထပ်မံခန့်အပ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း" ထည့်သွင်းပြောကြားခဲ့ပေသည်။

လာအိုဝန်ကြီးချုပ်က "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်းက အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရသစ် ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့တို့အား လာအိုနိုင်ငံအစိုးရက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်အနေဖြင့် မြန်မာပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်များကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုအထောက်အကူပြုလာနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း"ကို ဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရန်ကိစ္စ၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု၊ သာသနာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု စသည့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေကူမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

ရွှေကူ ဇူလိုင် ၁၁

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ရွှေကူလေး ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၉ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

တည်ဆောက်ထား

အဆိုပါ အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူရဇော်က ဆေးခန်းဆောက်လုပ်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ်ဆရာဝန်ကြီးတို့က အလှူရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပေးအပ်သည်။ အဆိုပါ အဆောက်အအုံသစ်မှာ ကျေးလက်နေ ပြည်သူများ ထည့်ဝင်ငွေဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အလျား ၃၆ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေ၊ တစ်ထပ်၊ အုပ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ထူးချွန်ကျောင်းသားများအား လက်ပံတန်းမြို့၌ ဂုဏ်ပြု

လက်ပံတန်း ဇူလိုင် ၁၁

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကို လက်ပံတန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း နဝဒေးခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်နာယက ဦးကြည်စိန်က ငါးဘာသာဂုဏ်ထူးရကျောင်းသူ မစုလဲ့ဝေအား ဦးဘသင် ပညာသင်ဆု၊ ဂုဏ်ပြုဆုကိုလည်းကောင်း၊ လက်ပံတန်းမြို့နယ် အသင်းကိုယ်စား အသင်းဥက္ကဋ္ဌ ဦးစိုးလှိုင်က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်ကိုလည်းကောင်း ချီးမြှင့်သည်။ (အပေါ်ပုံ)

အောင်မြင်ခဲ့

၂၀၁၀ -၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်(၁) အထကမှ ငါးဘာသာငါးဦး၊ လေးဘာသာလေးဦး၊ သုံးဘာသာ သုံးဦး၊ နှစ်ဘာသာ သုံးဦး၊ တစ်ဘာသာ ၁၇ ဦး စုစုပေါင်း ၃၂ဦး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကန့်ကြီးထောင့်မြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေပေးအပ်

ကန့်ကြီးထောင့် ဇူလိုင် ၁၁

ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာ စိန်ရတနာဆန်စက်တွင် ဇူလိုင် ၇ ရက်က မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပရာ အခမ်းအနားတွင် ကန့်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလှထွန်းက လယ်ယာစိုက်ပျိုးစရိတ်ချေးငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျိုက်လတ်ကျေးရွာ (စိန်ရတနာဆန်စက်ပိုင်ရှင်) ဒေါ်ချောစိန် (အောက်ပုံ)က တောင်သူ ၁၀၀၏ စိုက်ဧက ၁၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့နယ် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ရေနုတ်မြောင်းပေါ်တွင် သံကူကွန်ကရစ်တံတားတည်ဆောက်မှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ဇူလိုင် ၂ ရက်က ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းသောအသားများရောင်းချရေး ကွင်းဆင်းစစ်ဆေး

မနေပြဲ ဇူလိုင် ၁၁

မနေပြဲမြို့အတွင်းရောင်းချနေသော အသားဆိုင်များတွင် ရောဂါကင်းစင်သော အသားများရောင်းချစေရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသားများရောင်းချရေးအတွက် ဇွန် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ဈေးဌာနစိတ်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများ စုပေါင်း၍ အဖွဲ့ပိုင်ဈေးရှိ အသားဆိုင်များနှင့် သားသတ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

စီမံကိန်းတာဝန်ပူတာအို၌ပေးအပ်

ပူတာအို ဇူလိုင် ၁၁

ပူတာအိုခရိုင် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပြေဌေးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်
၂ ဒသမ ၆၇ လက်မ
ချောင်းဆုံမြို့
၃ ဒသမ ၈၂ လက်မ
သိမ်ဇရပ်မြို့
၃ ဒသမ ၀၃ လက်မ
တောင်ကြီးမြို့
၂ ဒသမ ၇၅ လက်မ
ရေးမြို့
၂ ဒသမ ၆၄ လက်မ
ကျိုက်မရောမြို့
၂ ဒသမ ၄၄ လက်မ
ကျိုက္ခမီမြို့
၂ ဒသမ ၂၈ လက်မ
ပေါက်မြို့
၂ ဒသမ ၂၄ လက်မ
လားရှိုးမြို့
၂ ဒသမ ၀၈ လက်မ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဖောင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr.Nilahath Sayarath လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေး ဒုတိယဝန်ကြီး Maj. Gen.Chansamone CHANYALATH လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး ကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် လာရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အထူးရောင်းချပွဲ၌ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကာ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးသည်။

အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသူများနှင့် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဝတ်ရတနာအရောင်းဆိုင်များတွင် ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့အထိ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၇၃ တွဲ ရောင်းချရကြောင်းနှင့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လာအိုနိုင်ငံအမျိုးသားကာကွယ်ရေး ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေး ဒုတိယဝန်ကြီး Maj. Gen.Chansamone CHANYALATH သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော် တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ၌ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးသရုပ်ဖော်အစီအစဉ်
- ၄:၂၀ ၃။ နားဝင်ပီယံ သူ့လက်သံ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ (ပထမနှစ်) (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၁၅ ၈။ နတ်လူသာစုခေါ်စေသော်
- ၅:၄၅ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အောင်လ)
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၈)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ရယ်စရာဟာသများ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၄)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇူလိုင် ၁၁

ယနေ့နံနက် ၅ နာရီ ၄၆ မိနစ်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် မိုင် ၁၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဆောမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ)လောင်းရှည်ရွာအနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ထူးကဲဒီရေ သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၁

ဇူလိုင် ၁၅ ရက်မှ ၁၈ရက်အထိကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ခန့် မှ ၂၀ ဒသမ ၃ ပေခန့်အထိ ထူးကဲဒီရေတက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်၍သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်သည် နေပြည်တော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahath Sayarath လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စာသင်ကျောင်းများအတွက် ထောက်ပံ့ပစ္စည်းများ ဒက္ခိဏသီရိမြို့နယ်၌ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြကာ ရွာသစ်ကျေးရွာ အမှတ်(၁၅၇) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဒိုးနွယ်ကျေးရွာ အမှတ်(၁၅၈) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ရဲဒိကျေးရွာ အမှတ်(၁၅၉) အခြေခံပညာမူလတန်းကျောင်းများ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် **(အောက်ပုံ)**နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့ အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ရွာသစ်ကျေးရွာ အမှတ်(၁၅၇) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ စာအုပ် ၁၀၂ ဒါဇင်၊ ဒိုးနွယ်ကျေးရွာ အမှတ် (၁၅၈) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ စာအုပ်၄၂ဒါဇင်၊ ရဲဒိကျေးရွာ အမှတ်(၁၅၉) အခြေခံပညာမူလတန်းကျောင်းသို့ စာအုပ် ၃၃ ဒါဇင်တို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က ရွာသစ်ကျေးရွာ အမှတ်(၁၅၇) အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ ဆရာမများအတွက် ဝတ်စုံကိုးစုံ၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး အစုံ ၂၈၀ကို လည်းကောင်း၊ ဒိုးနွယ်ကျေးရွာ အမှတ်(၁၅၈) အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ ဆရာမများအတွက် ဝတ်စုံ ခုနစ်စုံ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး ၁၆၁ စုံကို လည်းကောင်း၊ ရဲဒိကျေးရွာ အမှတ်(၁၅၉) အခြေခံပညာ မူလတန်းလွန်ကျောင်း ဆရာ ဆရာမများအတွက် ဝတ်စုံ သုံးစုံ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး အစုံ ၁၃၀ကို လည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် စာသင်ဆောင်များကိုလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် အမှတ်(၁၆၆) အခြေခံပညာမူလတန်းကျောင်း စာသင်ခန်းမသို့ရောက်ရှိပြီး နှုတ်ခွန်းဆက်အမှာစကားပြောကြားကြကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စာအုပ် ၈၅ ဒါဇင်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က ဆရာ ဆရာမများအတွက် ဝတ်စုံ ငါးစုံ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး ၁၉၆စုံတို့ကို လည်းကောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် စာသင်ခန်းမများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသားကျောင်းသူများအား အာဟာရတိုက်ကျွေးရေးအတွက်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား လာအိုနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် အစ္စရေးနိုင်ငံ သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H. E. Dr. Nam Viyaketh သည် ယနေ့မွန်းတည့် ၁၂နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H. E. Mr.Yaron Mayerနှင့်မြန်မာ-အစ္စရေးစီးပွားရေးအသင်းဥက္ကဋ္ဌ Mr. Doron Landau တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်၍ သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးဝင်းမြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H. E. Dr. Nam Viyaketh လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)သို့ တက်ရောက်နေကြသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ညီလာခံ ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ် (နေပြည်တော်) နှင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တို့သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ညနေပိုင်းတွင် ညီလာခံကိုယ်စားလှယ်များသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာအုပ်စင် ၁၁-၇-၂၀၁၁

စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ ''သစ္စာ'' စာအုပ် ဖြန့်ချိ

စာရေးဆရာ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ စာအုပ်သစ် "သစ္စာ" ကို ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

"သစ္စာ"တွင်သစ္စာ၊ဗုဒ္ဓရဲ့တရားဦး၊ ပထမအရိယာသစ္စာ၊ ဒုတိယ အရိယာသစ္စာ၊ တတိယအရိယာသစ္စာ၊ စတုတ္ထအရိယာသစ္စာ၊ အနတ္တသဘော၊ ဘဝဖြစ်တည်မှုနှင့် အနတ္တဒေသနာ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်ဟူ၍ အခန်း(၁၀) ခန်းပါဝင်သည်။

စစ်တွေမြို့သို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည့် ခွဲစိတ်ကုဆရာဝန်တစ်ဦး၏ အမှတ်တရများကို အခြေခံရေးဖွဲ့ထားပြီး "သစ္စာရှာဖွေတဲ့ ခရီးစဉ်ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော့်နှလုံးသားထဲက အလိုလိုသိလာတဲ့ အရာတစ်ခုရှိပါတယ်၊ သစ္စာဆိုတဲ့ အမှန်တရားမှာ စိုပြည်အေးမြတဲ့မေတ္တာ၊ သနားကြင်နာတဲ့ ကရုဏာတွေ အမြဲယှဉ်တွဲလျက်ရှိသလို တစ်ခုတည်းသော သဘာဝတရားရဲ့ ခွဲခြားလို့မရနိုင်သော အရာများသာဖြစ်တယ်ဆိုတာ နားလည်သွားပါတယ်"ဟူ၍ "သစ္စာ"ကို လှပသေသပ်စွာ နိဂုံးချုပ်တင်ပြထားသည်။

"လောကမှာ အသေချာဆုံးအရာဟာ မသေချာခြင်းဖြစ်လို့ တန်ဖိုးရှိလှတဲ့ လူ့ဘဝတိုတိုလေးမှာ စာဖတ်သူများကိုလည်း သစ္စာလေးပါးနှင့် အနတ္တသဘာဝကို တရားရှုမှတ်အားနဲ့ သိမြင်သွားစေချင်ပါတယ်"ဟူသည့် စာရေးသူ၏ စေတနာနှင့်အညီ သစ္စာနှင့်အနတ္တသဘောကို ပြည့်စုံစွာ စာကြောဖွေရှာ တင်ပြထားသည်။

"သစ္စာ"ကို စိတ်ကူးချိုချိုစာပေ အမှတ် ၆၇ ၁၆၄လမ်း တာမွေက တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာစာစောင် အတွဲ (၃၈)၊ အမှတ်(၇)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၁

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလှည့်ပတ်ရန် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath Sayarath နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေး

လူသားများ အသက်ရှင်ရေး ကူညီနေသည့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း

နေပြည်တော် ဇူလိုင် ၁၁

ကမ္ဘာ့လူဦးရေနေ့(World Population Day)အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ကျင်းပရေးဦးစီးကော်မတီဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံ အသီးသီးသည် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားများကို လူဦးရေဆိုင်ရာပြဿနာများနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ဆက်နွှယ်မှုကို ပြည်သူလူထုအတွင်း ပိုမိုသဘောပေါက် နားလည်လာစေရန်ဟူသည့် ဦးတည်ချက်ဖြင့် နှစ်စဉ် ဇူလိုင် ၁၁ ရက်တွင် ကျင်းပလျက် ရှိကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၂၂)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ဤသည်မှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ အလေးထား ပါဝင်ဆောင်ရွက်နေမှုကို ပေါ်လွင်စေလျက်ရှိပါကြောင်း။

အထိမ်းအမှတ်

ယခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ရှိလာတော့မည်ဖြစ်သည့်အတွက် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ကို ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ သို့ ရောက်ရှိခြင်း အထိမ်းအမှတ် အတွက် လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် စတင်မည်ဖြစ်ပါကြောင်း။

"မိမိတို့အနေဖြင့် ဤကမ္ဘာကြီးပေါ်တွင် ကျန်းမာချမ်းသာစွာ အတူနေထိုင်နိုင်မည်လား" ဆိုသည့် အချက်မှာ ယခုအချိန်တွင် မိမိတို့၏ ရွေးချယ်မှု၊ ဆုံးဖြတ်ချက်များပေါ်၌ မူတည်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့ ကမ္ဘာကြီး၏ အနာဂတ် သာယာလှပစေရန် မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရန်လိုပါကြောင်း။

လူငယ်လူရွယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ အထူးသဖြင့် ဆယ်ကျော်သက်ရွယ် မိန်းကလေးငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဟု ဆိုကြပါကြောင်း၊ ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အခြားအခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူမှုအဖွဲ့အစည်းကို အပြည့်အဝ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။

ရည်မှန်းချက်ပန်းတိုင်

၁၉၉၄ ခုနှစ်က ကိုင်ရိုမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှု ညီလာခံတွင် မိမိနိုင်ငံသားများ၏ မျိုးဆက်ပွား ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့် ၂၀၁၅ ခုနှစ်တွင် အန္တရာယ်ကင်းပြီး စိတ်ချရသည့် မျိုးဆက်ပွားကျန်းမာရေးနည်းမျိုးစုံကို လူတိုင်းလက်လှမ်းမီစေရန် နိုင်ငံအားလုံးကို နှိုးဆော်ခဲ့ပါကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များတွင် မျိုးဆက်ပွားကျန်းမာရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ဦးတည်ချက်နှင့် ပန်းတိုင်များဖြစ်သည့် ငါးနှစ်အောက်ကလေးသေဆုံးမှုကို လျှော့ချရန်၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်လာစေရန်၊ HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများကို တိုက်ဖျက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပိုမိုပါဝင်လက်တွဲ အကောင်အထည်ဖော်ဆောင်ရန်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်များ ပါဝင်ပါကြောင်း။

ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တစ်ချိန်တည်းတွင် လူသားများ အသက်ရှင်နေထိုင်နိုင်ရန် ပံ့ပိုးကူညီနေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့် အချက်နှစ်ချက်ကို ဟန်ချက်ညီအောင် ကြိုးပမ်းရေးသည် အရေးကြီးပြီး သိမ်မွေ့နက်နဲလှပါကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ သက်ကြီးရွယ်အို အချိုးမြင့်မားနေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သက်ကြီးရွယ်အို အချိုးမြင့်မားမှုသည် အရှိန်အဟုန်ပိုမိုမြင့်မားစွာဖြင့် တိုးတက်နေပါကြောင်း၊ သက်ကြီးရွယ်အိုများသည် လုပ်ငန်းခွင်၌ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ဦးမည် ဆိုပါက ၎င်းတို့ မိသားစု၊ ရပ်ရွာနှင့် တိုင်းပြည်အတွက် ဆက်လက်ပေးဆပ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ဤသို့ ဖြစ်လာရန် အလုပ်အကိုင်၊ မိသားစု၊ အဖွဲ့အစည်းနှင့် ပတ်သက်သော အစီအမံများကို ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

အကောင်အထည်ဖော်

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် ၎င်းတို့အတွက် စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရန် ရည်ရွယ်၍ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ"ကို ၂၀၁၁ ခုနှစ် မေ ၂၀ ရက်တွင် ကျင်းပခဲ့ပြီးနောက် နောက်ဆက်တွဲစီမံဆောင်ရွက်မှုများကိုလည်း ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသ၌ နေထိုင်ကြပြီး လယ်ယာ၊ သားငါး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အများဆုံး ဆောင်ရွက်နေကြသည့် တိုင်းပြည်၏ အဓိက ကုန်ထုတ်လုပ်မှုစွမ်းအားစုကြီးဖြစ်သဖြင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို အားသွန်ခွန်စိုက်ကြိုးပမ်းရင်း မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ လူတိုင်းရရှိစေရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင်လည်း မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ အခွင့်အရေးများ၊ အမျိုးသားကျန်းမာရေး မူဝါဒများနှင့်အညီ နိုင်ငံသားတိုင်း ကျန်းမာရေးဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုများကို ခံယူခွင့်တို့လည်း ပါရှိကြောင်း တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ လေးပုံတစ်ပုံခန့်သည် လူငယ်များဖြစ်ကြပြီး လူငယ်များကို နိုင်ငံ၏အင်အား၊ အဖိုးတန်ဆုံးရတနာတစ်ခုအဖြစ် ခံယူပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်နေပါကြောင်း၊ လူငယ်များအတွက် ကျန်းမာရေးပညာပေးလုပ်ငန်း အစီအစဉ်များ အပါအဝင် ကျန်းမာရေးလုပ်ငန်း အစီအစဉ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်၏ ပညာရေးစနစ်သည်လည်း လူငယ်များကို စာရိတ္တပိုမိုမြင့်မားခိုင်မာပြီး ဘဝ၏ အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ကျန်းမာပျော်ရွှင်

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ သက်ကြီးရွယ်အိုများ လျင်မြန်စွာတိုးပွားလာပြီး မြန်မာနိုင်ငံလူဦးရေတွင် သက်ကြီးရွယ်အိုပါဝင်မှုနှုန်းမှာ ၂၀၁၅ ခုနှစ်တွင် ၉ ရာခိုင်နှုန်းခန့် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြပါကြောင်း၊ ထို့ကြောင့် သက်ကြီးရွယ်အိုများကို အလေးထားစောင့်ရှောက်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းထားရင်း သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာလူထုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် လှုံ့ဆော်မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းမှသည် မိသားစုများအားလုံး၏ ဘဝအရည်အသွေး မြင့်မားရေးဆိုသည့် ကောင်းမြတ်သော ရည်ရွယ်ချက်ကို ကိုင်စွဲလျက် လူဦးရေ သန်း ၇၀၀၀ ရှိလာမည့် ပိုမိုကောင်းမွန်ကျန်းမာပျော်ရွှင်ဖွယ် ကမ္ဘာကြီးကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed S.Abdel-Ahad က ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဖိတ်ခေါ် ဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ခေတ္တကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Bhairaja Panday၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed S.Abdel-Ahad နှင့် ဌာနဆိုင်ရာအကြီးအကဲများက စာစီစာကုံးပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆုရပိုစတာများ၊ စာစီစာကုံးများ၊ ရောင်စုံဓာတ်ပုံများနှင့် ဆောင်းပါးစာမူများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၂-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၂၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၉။	လျှပ်တစ်ပြက်
၄း၅၀	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၁၈)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၅။	ဘောလုံးဟာသနှင့်ဂန္ထဝင်ကိုး (၅၀၀)
၆း၂၅	၁၆။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့ တမ်းတခြင်း** (အပိုင်း-၃)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	မွေးမြူသုတ
	၂၄။	ဟာသရုပ်စုံ
	၂၅။	သီချင်းလက်ဆောင်
	၂၆။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၃၄)
	၂၈။	Mini series
	၂၉။	သင့်အတွက် မနက်ဖြန်

မြန်မာ့ရုပ်ရှင်လုပ်ငန်း (၉၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ
ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၉၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း (၉၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ၂၀၁၀-၂၀၁၁ခုနှစ်အတွက် နိုင်ငံတော်ကချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု လုပ်ငန်းရှင်များ၊ ရုပ်ရှင်နှင့် ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀-၂၀၁၁ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိကြသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဌာနခွဲမှူး (တာဝန်ခံ/ထုတ်လုပ်) ဦးဇော်မင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်မှ စာရင်းကိုင် (၁) ဒေါ်ဖြူဖြူဝင်း၊ ရန်ကုန်ရုံးခွဲမှ စာရင်းကိုင် (၁) ဒေါ်ခိုင်ဝင်းနွယ်၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ ဌာနခွဲစာရေး ဒေါ်ကြည်ကြည်မြင့်၊ အောက်မြန်မာနိုင်ငံရုံးခွဲမှ ဌာနခွဲစာရေး ဒေါ်ရီရီဝင်း၊ အောက်မြန်မာနိုင်ငံရုံးခွဲမှ ဌာနခွဲစာရေး ဒေါ်သိန်းညွန့်၊ ပုသိမ်ပြသမှုဌာနစုမှ လက်ထောက်ကြီးကြပ်ရေးမှူး (အစီအစဉ်) ဦးစောပြည်စိုးနှင့် ဟားခါးပြသမှုဌာနစုမှ လက်ထောက်ကြီးကြပ်ရေးမှူး (အစီအစဉ်) ဦးဟန်ခန်းဒါးလ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သည့် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၅)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၃၀)တို့၌ သင်တန်းသား ပထမဆုရရှိသူ အရာထမ်း၊ အမှုထမ်း နှစ်ဦးနှင့် ၂၀၁၀-၂၀၁၁ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေခဲ့ကြသော ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံး၊ ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ရန်ကုန်ရုံးခွဲတို့မှ တာဝန်ရှိသူများအား လည်းကောင်း၊ ၂၀၁၀-၂၀၁၁ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီရုံး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးလုပ်ငန်းစုရုံးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လုပ်ငန်းစုရုံးတို့မှ တာဝန်ရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က စိုက်ပျိုးရေး အကောင်းဆုံး ဆောင်ရွက်နိုင်သည့် ဝန်ထမ်းအိမ်ရာ တာဝန်ခံသုံးဦးတို့အား ဂုဏ်ပြုဆုများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၉၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား တူညီဝတ်စုံများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း (၉၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်စက်မှု အတတ်သင်ကျောင်း(မကွေး) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန မကွေးစက်မှုနယ်မြေ၌ ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ အထောက်အပံ့ဖြင့် တည်ဆောက်ခဲ့သည့် မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း (မကွေး) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် မကွေးစက်မှုနယ်မြေ၌ ကျင်းပသည်။



ဖွင့်လှစ်ပေး

အဆိုပါ အခမ်းအနားတွင် အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kim Hae Yong နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဌာနေကိုယ်စားလှယ် Ms. Kim Tae Eun တို့က မော်တော်ယာဉ် စက်မှုအတတ်သင်ကျောင်း(မကွေး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မော်တော်ယာဉ်စက်မှု အတတ်သင်ကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး သင်တန်းကျောင်းအတွင်းရှိ သင်ကြားရေးအလုပ်ရုံများကို လှည့်လည်ကြည့်ရှုကြသည်။

လုပ်သားများမွေးထုတ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍအတွက် လိုအပ်သော လူသားအရင်းအမြစ် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် နည်းပညာနှင့် စက်ပစ္စည်းကိရိယာများကို ပံ့ပိုးကူညီပေးသည့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့အား ကျေးဇူးတင်အမှာစကားပြောကြားသည်။ ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ခမ်းနားလှပပြည့်စုံသော ခေတ်မီ မော်တော်ယာဉ် စက်မှုအတတ်သင်ကျောင်းကို အချိန်တိုကာလအတွင်း အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသင်တန်းကျောင်းမှ မော်တော်ယာဉ်ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်မည်ဖြစ်၍ ဂုဏ်ယူပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထိုက်နှင့် ဌာနေကိုယ်စားလှယ် Ms. Kim Tae Eun တို့က လွှဲပြောင်းလက်ခံသည့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း၌ ၂၀၁၁ခုနှစ် ဩဂုတ်မှ စတင်၍ သင်တန်းသား ၁၅၀ ဖြင့် မော်တော်ယာဉ်နှင့်ပတ်သက်သည့် ဘာသာရပ်လေးမျိုးကို တစ်နှစ်သင်တန်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၁၀ ရက်က ဖွင့်လှစ်လိုက်သည့် မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)ကို တွေ့ရစဉ်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန ဦးစီးအရာရှိများ
စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သစ်တောဦးစီးဌာနအောက်ရှိ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ရေဆင်းသစ်တောသုတေသနဌာနစုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ သစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းများသာမက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီဆောင်ရွက်နိုင်ရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေး၊ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ စနစ်တကျမှန်ကန်စွာ လိုက်နာ ကျင့်သုံးဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးအရာရှိအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇူလိုင် ၂၆ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သစ်တောဦးစီးဌာနအောက်ရှိ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်ပင်ကိုနှစ်စဉ်စိုက် ရေှတိုက်ကိုစိုး

12-7 (06).pmd 1 7/12/2011, 3:17 AM

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၁) အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၁) အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ချုပ်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

အကြိုညှိနှိုင်း အစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၁) ကျင်းပရေးကော်မတီ အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းညီလာခံ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြေညာ

အစည်းအဝေးတွင် အခမ်းအနားမှူးက ယနေ့ကျင်းပသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၁) အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ကိုယ်စားလှယ် ၃၃၈ ဦး ရှိသည့်အနက် ၃၃၈ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်း တက်ရောက်ကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၁) ကျင်းပရေးကော်မတီ အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက ညီလာခံဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်လည်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)သို့ အလှူရှင်များဖြစ်ကြသော ဦးရုံးမူ (စိမ်းလင်းရတနာကုမ္ပဏီ)၊ ဦးတင်ထွန်းအောင် (လူငယ်အားမာန်ကုမ္ပဏီ)၊ မင်းဇာနည်ကုမ္ပဏီနှင့် အောင်ချမ်းသာကုမ္ပဏီတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ညီလာခံ(၂၀၁၁) ကျင်းပရေး အတွင်းရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် ညီလာခံ(၂၀၁၁) အစည်းအဝေး အစီအစဉ်၊ စာတမ်း၊ မှတ်တမ်းနှင့် ဆုံးဖြတ်ချက်များပြုစုရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ကိုကိုက တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက်ရောက်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၁) အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၇	၂၀	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၆	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၅	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၄၀	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီး	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၂	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၇	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၉	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီး	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၇	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၄	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၉	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နိုင်ငံ့အခွန်း သစ်တော့စွမ်းဖြင့် စိမ်းလန်းစေရမည်

ချောက်မြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်စုပေါင်းလှူဒါန်းပွဲကိုဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ် အသင်းသူအသင်းသားများနှင့် ချောက်မြို့သူမြို့သားများတက်ရောက်ရန်နှင့် လှူဒါန်းလိုသူများသည် ဦးညိုမောင်(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၉၀၀၀၉၊ ဒေါက်တာ မောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း- ၀၁-၅၅၄၀၆၇၊ ဒုတိယဗိုလ်မှူးကြီး တင်မောင် (ငြိမ်း) (အလုပ်အမှုဆောင်အဖွဲ့) ဖုန်း-၀၁- ၅၂၄၈၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကတ္တရာခင်းမည်

ဘိုကလေး ဇူလိုင် ၁၁

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်စိုးတို့ ဇွန် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (၀၆၆)

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၁-၇-၂၀၁၁

အမကကျောင်းခွဲ ကျောက်ပန်းတောင်း၌ဖွင့်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျားနေအိုင်ကျေးရွာအုပ်စု ရေခင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခွဲ၌ကျင်းပရာ ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်းခွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါမူလတန်းလွန်ကျောင်းဆောင်သစ်မှာ အလျား ၅၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၉ ပေရှိ သွပ်မိုး၊ အုတ်ကာ ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။ (၄၁၈)

နွှမ်းစပါးစံကွက်ရိတ်သိမ်းပွဲ ရမည်းသင်း၌ကျင်းပ

ရမည်းသင်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် နွှမ်းစပါးအထွက်နှုန်းကောင်း စံကွက်ရိတ်သိမ်းပွဲကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် သင်ပန်းကုန်းကျေးရွာအုပ်စု သင်ပန်းကုန်းကျေးရွာ တောင်သူဒေါ်ခိုင်မာဝင်း၏ လယ်ကွက်၌ ဇူလိုင် ၇ ရက်က ကျင်းပရာ ကျီးနီကန်ရေသောက်ဖြင့် စိုက်ပျိုးထားသော မနောသုခစပါး တစ်ဧက ပျမ်းမျှ ၁၁၈ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရှိရသည်။ (မြို့နယ်စိုက်ပျိုးရေး)

မော်လမြိုင်ကျွန်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၅ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့ ခုတင် (၁၀၀)ဆေးရုံဝင်း ဆေးရုံရှေ့နှင့် မော်လမြိုင်ကျွန်း-မအူပင် မော်တော်ကားလမ်းဘေး ဝဲ၊ယာတို့၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ညွှန့်က စိုက်ပျိုးမည့်ပျိုးပင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးတို့ထံပေးအပ်ပြီး တက်ရောက်လာကြသူများက အခမ်းအနားတွင် ကျွန်း၊ ပျဉ်းကတိုးအပါအဝင် အရိပ်ရပင်နှင့် လေကာပင် စုစုပေါင်းပျိုးပင် ၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (၀၆၅)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မောက်မယ်၌ဟောပြော

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက လင်းခေးခရိုင် မောက်မယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စိုးတင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးနေခိုင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်၌သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ပုသိမ်မြို့ ကန်သာယာသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၂၁ ရက်ကကျင်းပရာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်နှင့် ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ငါးခုံးမကြီးကောင်ရေ ၁၂၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရွှေဘို၌ စိုက်ပျိုးရေးပညာပေးဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၁၁ ရက်က စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဆွေနှင့် လက်ထောက်မန်နေဂျာ ဒေါ်ရီရီသိန်းတို့က နွှမ်းစပါးနှင့်ပတ်သက်ပြီး ဥတုဒဏ်နှင့် ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်နှင့် ရောဂါဖြစ်ပေါ်လာပါက ကာကွယ်နည်း၊ ဆေးပက်ဖျန်း ကုသနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၀၅၀)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ပံတန်း၌ဟောပြော

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇွန် ၂၄ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်လျှပ်စစ်မှူး ဦးအောင်စိုးက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့ကို ပညာပေးဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်လျှပ်စစ်မှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ (၀၉၈)

ပခုက္ကူ၌ ဆင်းနွှယ်ရင်မျိုးစပါးစံကွက်ရိတ်သိမ်း

ပခုက္ကူမြို့နယ် ကုက္ကိုလှမြစ်ရေတင်ဒေသ ကျွန်းညိုကြီးအုပ်စု တောင်သူဦးအောင်မြင့်စိန်၏ လယ်မြေဧက ၀ ဒသမ ၅၀ တွင် ဇွန် ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ငွေအောင်တို့ ကြီးကြပ်လျက် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများနှင့်တောင်သူများက စံကွက်ရိတ်သိမ်းကြရာ ဆင်းနွှယ်ရင်မျိုးစပါး တစ်ဧကတင်း ၁၂၀ ထွက်ရှိကြောင်းသိရှိရသည်။ (၁၀၂)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြော

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ သည် ဇွန် ၂၇ရက် မွန်းလွဲ ၁ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိဂျက်တာဖြင့်ဆွေးနွေးဟောပြောရာ ကျောင်းအုပ်ဆရာကြီး ဦးငွေအောင်၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြမောင်နှင့် ဆရာ ဆရာမများ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၂၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath Sayarath နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာမှုတေးသံသာများဖြင့် တီးခတ်သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့သည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ကြည့်ရှုအားပေး

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နိုင်ငံတော်သမ္မတရုံး သဘင်ဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်မျ

ပြန်လည်မိတ်ဆက်ပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ပြည်သူများကိုယ်စား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ လာအိုဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးသည့်အချိန်မှစ၍ အဆွေတော်သည် ပထမဦးဆုံး မြန်မာနိုင်ငံသို့ လာရောက်သည့် ဝန်ကြီးချုပ်ဖြစ်၍ ဝမ်းသာမိပါကြောင်း၊ ပြီးခဲ့သည့် မေလအတွင်းက ဂျကာတာမြို့တွင် ပြုလုပ်ခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ပြီး ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရရှိသည်ကို အထူးဝမ်းသာမိပါကြောင်း၊ အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲစေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ လာအိုနိုင်ငံတွင် မကြာမီက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ပြီး အစိုးရသစ်ဖွဲ့စည်းနိုင်ခဲ့ခြင်းအတွက် လာအိုအစိုးရနှင့် ပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အား လာအိုနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ထပ်မံခန့်အပ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လာအိုနိုင်ငံတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်နှင့် လာအိုချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံး မြန်မာနိုင်ငံတွင် နေထိုင်စဉ် အဆင်ပြေစေရန်နှင့် ပျော်ရွှင်ချမ်းမြေ့ပါစေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အထောက်အကူပြု

ထို့နောက် ဧည့်သည်တော် လာအိုဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ လာအိုအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးစွာ ကြိုဆိုခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ခုနှစ် နိုဝင်ဘာလအတွင်းက အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အစိုးရသစ်ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့တို့အား လာအိုနိုင်ငံအစိုးရက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်အနေဖြင့် မြန်မာပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်များကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုအထောက်အကူပြုလာနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ၂၀၁
ကျင်းပမည့် (၄)ကြိမ်မြောက် မဲခေါင်ဒေသတွင်း
အဝေး၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်
အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပ
(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအ
အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လ
သမ္မတနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပါ
ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် အ
အဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြ
လည်း ယင်းထိပ်သီးအစည်းအဝေးသို့ တက်
ကြောင်း၊ နှစ်နိုင်ငံအကြား ကောင်းမွန်သော ချ
ရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများသ

ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က
...တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

အလေးပြုခြင်း ခံယူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

○ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံ စင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော် သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လှူ မိတ် ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ပူပန်မှုမှ လွတ်ကင်းခြင်း** တရားတော် (ဘဒ္ဒန္တ ဣန္ဒာဝုဓာဘိဝံသ ထူးကြီးဆရာတော်)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄)
- ၈:၅၀ မိုးစက်ချစ်သူ ကျောင်းပေါင်းစုံ ကလေးသီချင်းဆိုပြိုင်ပွဲ
- ၉:၀၅ ပါမောက္ခ ခင်မောင်ဝင်း (အသည်း) ရှင်းလင်းတင်ပြသော အသည်းခြောက်ရောဂါ (အပိုင်း-၃)
- ၉:၂၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၉:၃၀ Cartoon Show Time (Barbie in A Mermaid Tale)
- ၁၀:၀၅ ဒေင်္ဂါ ရေကုထုံး
- ၁၀:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Samsung ပစ္စည်းသစ် မိတ်ဆက်ပွဲ)
- ၁၀:၄၅ Celebrity Style (ခင်ဘုဏ်း)
- ၁၁:၁၀ ခြေလှမ်းသစ်
- ၁၁:၃၀ Activities in the City (စွင့်ချိုင်သင်တန်းကျောင်း (၅) နှစ်ပြည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲ)
- ၁၁:၄၀ MRTV- 4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ သင်ကြားရေးလမ်းညွှန် (Glory Hope Education Center)
- ၁၂:၂၅ မြို့ရွှေမန္တလေးမှ မျိုးသိန်း အီလက်ထရွန်နစ်၏ LCD/ LED Repair Training Session
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် [သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) သုံးထပ်ကျောင်းဆောင် သစ်ဖွင့်ပွဲအခမ်းအနား]
- ၁:၀၀ **ပူပန်မှုမှ လွတ်ကင်းခြင်း** တရားတော် (ဘဒ္ဒန္တ ဣန္ဒာဝုဓာဘိဝံသ ထူးကြီးဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (နီတာ)
- ၂:၅၅ Sun Moon Space Travels & Tours Co.,Ltd မြန်မာပြည်အနှံ့ ခရီးသွားလုပ်ငန်းဖွင့်ပွဲ
- ၃:၀၅ သန့်စွာကိုင်လေ စက္ကူငွေ
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄)
- ၄:၅၅ ကျစ်လျစ်ခံ့ညားစေမှာ Slim Men Center
- ၅:၁၀ The Champion of Dance
- ၅:၅၀ ပိုးလေးဖက်နာရောဂါနှင့် သွေးလေးဖက်နာရောဂါ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်း)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၃)
- ၇:၂၅ Celebrity Choice (ဟဲလေး)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများအကြောင်း)
- ၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅)
- ၁၀:၂၅ အနုပညာမိုးကောင်းကင်
- ၁၀:၄၅ **နွေးထွေးသောမေတ္တာအိမ်ကလေး** ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၁၁:၀၅ **စာအုပ်ပြခန်း** (ရန်ကုန်ခရီးသွားသမိုင်းထဲက မထသ ချစ်စံဝင်း)
- ၁၁:၃၅ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
- ၁၂:၀၀ World of Knowledge (Mega Structure: Shanghai Super Tower)
- ၁၂:၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ)
- ၁:၀၀ ဘဝများ (ဇေယျ -Uranium)
- ၁:၂၅ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (ဥဿျစ်ပင်)
- ၁:၃၅ နယည်ဆန်းထွင် ပန်းအလှဆင် ('S' ပုံသဏ္ဍာန် ပန်းအိုးထိုးနည်း)
- ၂:၀၅ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး···
- ၂:၂၅ မောတို့ဌာနေ ရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
- ၂:၄၅ ရွှေဖြစ်မည့် ရတနာအစစ်···
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ သာယာလှပတောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
- ၄:၁၅ ရွှေမင်းသား သို့မဟုတ် နှလုံးသားထက်မြက်သူ
- ၄:၃၅ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
- ၄:၄၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇိနစေတီ

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

...ည့်မိတ်ဆက်ပေး

ဦးသိန်းစိန် လာအိုပြည်သူ့ ဒီမို... ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း ...နှုတ်ဆက်ကြသည့် ပြည်ထောင်စု ...ည့်မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

...ခင်းဧည့်ခံ

...န်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ် ... မစ္စတာ သွန်ဆင်းသမာဖောင် ...လှယ်အဖွဲ့အား နေပြည်တော်ရှိ ...ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

(သတင်းစဉ်)

...က်ခွင့်ရ ...ဲ့အဖွဲ့ကို ...ကြောင်း၊ ...နှင့်အညီ ...င်မြင်စွာ ...နှင့်တကွ ...ဖွဲ့တို့အား ...ိုးဆောင် ...အနေဖြင့် ...ဒ်များကို ...မ်ရေးနှင့် ...ပြုလာနိုင်

မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် (၄)ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေး၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်၍ အဆွေတော်သမ္မတကိုလည်း ယင်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့နှစ်နိုင်ငံအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သော အကျိုးရလဒ်များကို ဖြစ်ပေါ်စေသည်သာမက ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုအထောက်အကူပြုလာနိုင်စေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတနှင့် လာအိုဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံစလုံး၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အပြန်အလှန်အသိပေးခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်ကိစ္စ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု၊ သာသနာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စရပ်များတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ထို့အပြင် လာအိုနိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ အောင်မြင်မှုရရှိစေရန်နှင့် ၂၀၂၀ ခုနှစ်တွင် စက်မှုထွန်းကားသည့်နိုင်ငံအဖြစ် ရောက်ရှိစေရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်း (၈) ရပ် ချမှတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ ယနေ့ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း **(ယာပုံ)** ၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့သည် တစ်ဖက် တစ်ဂိုးစီ သရေဖြင့် လည်းကောင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင် ရရှိကြသည်။

နေပြည်တော်လယ်ဝေး အားကစားကွင်း၌ ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်ကြည့်ရှုအားပေးသည်။

ဇူလိုင် ၁၂ ရက် (အင်္ဂါနေ့) ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်း၌ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အနိုင်ရရှိရေး စားပွဲတင်တင်းနစ် အားကစားသမားမောင်မယ်များ စခန်းဝင်လေ့ကျင့်

ရန်ကုန် ဇူလိုင် ၁၁

*(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအားကစားမောင်မယ်များ အောင်ပွဲများအဆင့်ဆင့်ရရှိရန် အပြင်းအထန်လေ့ကျင့်နေကြပြီ ဖြစ်သည်။ **(အောက်ယာပုံ)***

ထိုသို့ လေ့ကျင့်နေမှုများအနက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ စာရေးသူရောက်ရှိခဲ့ရာ အားကစားခန်းမအတွင်းဘက်တံရိုက်သံ တဖြောင်းဖြောင်းဖြင့် စခန်းဝင်လေ့ကျင့်နေကြသည့် စားပွဲတင်တင်းနစ် အားကစားမောင်မယ်များကို မြင်တွေ့လိုက်ရသည်။

ခြေအနုတ်အသိမ်း၊ အင်အားသုံးရိုက်ချက်၊ ပညာသားပါသော ဖြတ်ဘောရိုက်ချက်များဖြင့် အကြိတ်အနယ် မမောမပန်း လေ့ကျင့်နေကြမှုက အားရစရာပင်ဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် နည်းပြဦးရဲကျော်က "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အမျိုးသားကစားသမား ငါးဦးနှင့် အမျိုးသမီးကစားသမား ငါးဦးတို့ကို ရွေးချယ်ကာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင် စခန်းသွင်းပြီး တစ်ပတ် ခြောက်ရက်၊ တစ်ရက်လျှင် နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခုရွေးချယ်ထားသည့် စားပွဲတင်တင်းနစ် ကစားသမားများမှာ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များပြိုင်ပွဲနှင့် တံခွန်စိုက်ပြိုင်ပွဲများမှ ထူးချွန်သူများကို စနစ်တကျ ရွေးချယ်ထားခြင်းဖြစ်ကြောင်း" ရှင်းပြသည်။



မြန်မာ့စားပွဲတင် တင်းနစ်ကစားသမားများသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားငါးမျိုး ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ ယင်းတို့မှာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး

**သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
ကျော်မြင့်သန်း(လမ်းမတော်)**

တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ဖြစ်ကြသည်။

လက်ရှိ၌ စခန်းသွင်းလေ့ကျင့်နေပြီး ရွေးချယ်ထားသော စားပွဲတင်တင်းနစ် အားကစားသမား မောင်မယ်များမှာ သက်ကိုကိုလတ်၊ ကြည်မြင့်၊ မျိုးမင်းထွန်း၊ ကျော်သူဟန်၊ ဇင်မင်းဟိန်း၊ မဆွေဆွေဟန်၊ မညိုညိုမြင့်၊ မနန်းဖြူဖြူအောင်၊ မအေးငြိမ်းသူနှင့် မရွှေဇင်ဝင်းတို့ ဖြစ်ကြသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း



ရုရှား၌ သင်္ဘောနစ်မြုပ် ခရီးသည် ၁၁၀ သေဆုံး

မော်စကို ဇူလိုင် ၁၁

ရုရှားနိုင်ငံ ဗိုလ်ဂါမြစ်အတွင်း ခရီးသည်နှင့် သင်္ဘောအမှုထမ်း အပါအဝင် စုစုပေါင်း ၁၈၈ ဦး တင်ဆောင်မောင်းနှင်လာသော သင်္ဘောတစ်စင်း ဇူလိုင် ၁၀ ရက်က နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၁၀ သေဆုံးပြီး အချို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၁ ရက် ၌ သတင်းထုတ်ပြန်သည်။

နစ်မြုပ်ခဲ့

ဘူလ်ဂါရီရာအမည်ရှိ ၎င်းသင်္ဘောသည် ကင်စကိုစတီနေ့ဗ်စကီးခရိုင် စယူကီယီဗိုကျေးရွာအနီး ဗိုလ်ဂါမြစ်အတွင်း ဇူလိုင် ၁၀ ရက် မော်စကိုစံတော်ချိန် ၁၃ နာရီ ၅၈ မိနစ်ခန့်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

စေလွှတ်

အခင်းဖြစ်ပွားရာသို့ ရေငုပ်သမား ၁၆ ဦး၊ ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၃ ဦး တို့အား လေယာဉ်တစ်စင်းနှင့်အတူ စေလွှတ်ထားကြောင်း၊ တစ်ဖန် ကယ်ဆယ်ရေးအဖွဲ့ဝင် ၈၀ နှင့် အမ်အိုင်-၈ ရဟတ်ယာဉ်တစ်စင်းကိုလည်း အကူအညီပေးရန် စေလွှတ်ပေးခဲ့ကြောင်း၊ သင်္ဘောနစ်မြုပ်ရခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုးမြင့်လင်းလက် - စုစည်းသည်

အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲ ဒေသခံ ၂၀၀၀ ကျော်အား ဘေးကင်းရာရွှေ့ပြောင်းပေး

ဂျကာတာ ဇူလိုင် ၁၁

*အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်ရှိ မီးတောင်တစ်လုံး ဇူလိုင် ၁၀ ရက်က ပေါက်ကွဲခဲ့ရာ အနီးဝန်းကျင်ရှိ ဒေသခံ ၂၀၀၀၀ ကျော်အား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်ဒိုနီးရှားအစိုးရအရာရှိများက ဇူလိုင် ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)***

သတိပေးချက်ပေးပို့ထား

*အဆိုပါ လိုကွန်အမည်ရှိ မီးတောင်သည် ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် ၂၂ နာရီခန့်မှစတင်ကာ ပြင်းထန်စွာ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ၎င်းမီးတောင်ပေါက်ကွဲရာ အနီးဝန်းကျင် ၃ ဒသမ ၅ ကီလိုမီတာ ပတ်လည်ဧရိယာအား အမြင့်ဆုံး သတိပေးချက်ထုတ်ပြန်ပြီး အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောက်မီးလျှံများ၊ ပြာမှုန်နှင့်မီးခိုးများမှာ ဝေဟင်အမြင့် မီတာ ၅၀၀ ကျော်အထိ လွင့်ပျံ့လျက်ရှိသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လေဆိပ်များအား သတိပေးချက်များ ပေးပို့ထားကြောင်း သိရသည်။ **(အင်တာနက်)***

အိန္ဒိယ၌ ရထားခေါင်းမီးပေါက်ကွဲ

နယူးဒေလီ ဇူလိုင် ၁၁

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ဇူလိုင် ၁၀ ရက်က ခရီးသည်တင်ရထားတစ်စင်းပေါ်၌ အင်အားပြင်းဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၂၀ ခန့်မှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။

ပေါက်ကွဲ

အဆိုပါဖြစ်စဉ်မှာ အာသံပြည်နယ် နာလ်ဘာရီခရိုင် အနောက်ပိုင်းဂိုဂရာပါရာအရပ်သို့ ဂူဝါဟာတီပူရီအမည်ရှိ ခရီးသည်တင်အမြန်ရထား မောင်းနှင်စဉ် ရထားပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



သိန်းနီမြို့နယ် အမှတ်(၄) ရပ်ကွက် ရေပေးဝေရေးပိုက်လိုင်းများ တပ်ဆင်ပြီးစီးမှုကို ဇွန် ၂၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်စောနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် ဆင်ဖြူဂိတ် မြို့ဝင်ဘီးကောက်လိုင်စင်အား သတ်မှတ်နှုန်းထားဖြင့်ကောက်ခံခြင်း ရှိ မရှိ ကို ဇွန် ၁၉ရက်က ဦးစီးအရာရှိ ဦးဝင်းဇော်နှင့် ဒုတိယဦးစီးမှူး(အခွန်)ဒေါ်အေးအေးခိုင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (ဝဇဇ)

သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်ပန်းခြံ စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ထားရှိမှုကို ဇွန် ၂၅ ရက်က မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

လှည်းကူးမြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ဇွန် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်း ပန်းခုံအဝိုင်းတွင် မြေယာရှုခင်းအလှပြုပြင်ခြင်းအား ဇူလိုင် ၂ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထူးကြီးအသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ထူးကြီးအသင်း(ရန်ကုန်)၏စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ အမှတ် 7 D သံသုမာလမ်း သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအသင်းရုံး၌ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူ ဇွန် ၂၈ ရက်က ပျော်ဘွယ်မြို့နယ် ရွာသာကျေးရွာရှိ ရှေ့တန်းစခန်းရုံးခန်းမဆောင်၌ ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စုနှင့် ချောင်းမကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းခြောက်ရွာမှ တောင်သူများအား ချေးငွေများထုတ်ချေးမည့် အစီအစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပေးအပ်

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဝတ်စုံနှင့်ရုပ်မြင်သံကြားစက်ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃၀ ရက်က မြို့နယ်ရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်တင်က ဝန်ထမ်းများအား ရုပ်မြင်သံကြားစက် ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

ဆင်ဖြူကျွန်း၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဆင်ဖြူကျွန်း ဇူလိုင် ၁၁

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဆင်ဖြူကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပရိဝုဏ်အတွင်း မြေကွက်လပ်၌ ဇွန် ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဟောင်းလွမ်းတို့က ပျိုးပင်များ ပေးအပ်သဖြင့် ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နေဇာဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်မြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။

ဆက်လက်၍ သစ်တောဦးစီးဌာနဝန်ထမ်းများက စိုက်ပျိုးနည်းကို သရုပ်ပြကြပြီး တက်ရောက်လာကြသူများက ရတနာတန်းဝင် ကျွန်းပျိုးပင် ၁၈၀၀ နှင့် ယူကလစ်ပင် ၂၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(သစ်တောဦးစီးဌာန)**

ကြီးကြပ်ဆောင်ရွက်

မင်းကင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်ဆိုင်းဘုတ်အသစ်ပြုလုပ်နေမှုကို ဇွန် ၈ ရက်က အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးခရိုင် ဂျီအီးစီ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

တောင်ကြီး ဇူလိုင် ၁၁

တောင်ကြီးခရိုင် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း လီမိတက်၏ ၂၀၁၀-၂၀၁၁ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာ ဦးမြလွင်က အသင်း၏ နှစ်ချုပ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း၊ အသင်းသားစာရင်းစစ် ဦးနိုင်ထွန်းက အသင်းသား စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြသည်။

ရွေးချယ်

ထို့နောက် ၂၀၁၁-၂၀၁၅ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့အား လုပ်ထုံးလုပ်နည်းများအတိုင်း ရွေးချယ်တင်မြှောက်ကြရာ ဒေါ်ယုယုအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်သမဝါယမဦးစီးဌာနမှူး ဥက္ကဋ္ဌအဖြစ် ပါဝင်သောအဖွဲ့ဝင်ငါးဦးနှင့် ဦးနိုင်ထွန်း ခေါင်းဆောင်အဖြစ် ပါဝင်သော အသင်းသားစာရင်းစစ် နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ တောင်ကြီးခရိုင် ဂျီအီးစီအသင်းအား ၁၉၉၂ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းသား ၆၀၁၇ ဦး၊ အစုတန်ဖိုးငွေကျပ် ၁၃၆ ဒသမ ၁၆သိန်းဖြင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အသင်းသားများ၏ သက်သာ ချောင်ချိရေးလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရှိရသည်။ **(တောင်ကြီးကိုယ်ပွား)**

ပေးအပ်လှူဒါန်း

တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ဦးထွန်းအောင်ကျော် လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဇွန် ၂၅ ရက်တွင် ငွေကျပ်တစ်သိန်းကို စေတီတော် ဂေါပကဘဏ္ဍာရေးမှူး ဦးကြောင်ကြင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နတ်မောက်မြို့နယ်၌ ဆောင်ရွက်

နတ်မောက် ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ကျောင်းများအတွင်း ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့မရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဇွန် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကို၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့က ကြီးကြပ်လျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးလျှင် မမောင်းနှင့်
မောင်းလျှင် မမူးနှင့်

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်အဆောက်အအုံသစ် ထန်းတပင်၌ဖွင့်

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကင်မွန်းချုံကျေးရွာအုပ်စု မွန်အရှေ့ ပါရမီ(၅)စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ ငွေပဒေသာပင်စိုက်ထူပွဲနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခွန်တင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ရပ်မိရပ်ဖ ဦးဘမော်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားပြီး ဦးစီးမှူး ဦးတင်မောင်ဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခွန်တင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်အောင်၊ အငြိမ်းစား ကျောင်းဆရာကြီး ဦးတင်အေး၊ ဦးကျော်စိုးမိုးတို့က စာအုပ်စာစောင်များ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ စာကြည့်တိုက် အဆောက်အအုံသစ်မှာ သွပ်မိုး၊ ထရံကာ၊ သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်စာကြည့်တိုက် နောင်ချို၌ဆောက်လုပ်

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူးဒေါ်သန်းသန်းထွေးနှင့်ဝန်ထမ်းများသည် ဇွန် ၁၀ ရက်က အုမ္မသီးကျေးရွာ၊ ရေဝင်ကျေးရွာ၊ ဘန့်ဘွေးကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဘန့်ဘွေးကျေးရွာ ဖြိုးသုတ စာကြည့်တိုက်အား ကျေးရွာစာကြည့်တိုက် ကော်မတီက တည်ဆောက်နေမှုကိုကြည့်ရှုကာ လိုအပ်သည်များ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကျိုင်းတုံ၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

ကျိုင်းတုံ ဇူလိုင် ၁၁

ကျိုင်းတုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲက ကျိုင်းတုံမြို့နယ် ကတ်ဖ ကျေးရွာအုပ်စု ယန်းလှရွာရှိ ဦးစိုင်းဆမ်၏ လယ်မြေစပါးခင်း၌ ကျင်းပသည်။

စိုက်ထည့်ပေး

အခမ်းအနားတွင် ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ ကျိုင်းတုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေမောင်း၊ ကျိုင်းတုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ ရွာသူရွာသားများက စပါးခင်းများအတွင်းသို့ ရွှေဝါငါးကြင်းနှင့် တီလားပီးယား ငါးသား ပေါက်ကောင်ရေ ၃၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ) (ခရိုင် ပြန်/ဆက်)**

12-7 (20).pmd 1 7/12/2011, 3:17 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တ တည်းခိုသည့် မြတ်တော်ဝင်ဟိုတယ်မှ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံခန်းမသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ◯